# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၁၀)

## အင်အားသုံး အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုကြောင့် သေဆုံးခဲ့ရသူများ

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ မှ မတ် ၁၈ ရက်အထိ)

### သေဆုံးခဲ့သူ အရေအတွက်

၂၂၄+

**တပတ်အတွင်း သေဆုံးသူ ၁၅၂ ဦး၊ နှစ်ဆကျော် တိုးလာခဲ့**

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ မတ် ၁၈ ရက်အတွင်း ဆန္ဒထုတ်ဖော်မှုများ၌ အာဏာသိမ်းစစ်ကောင်စီ၏ ပစ်ခတ်ဖြိုခွဲမှုများကြောင့်လည်းကောင်း၊ ဖမ်းဆီးခံရစဉ် ရရှိသော ဒဏ်ရာများကြောင့်လည်းကောင်း၊ ညကင်းစောင့်ရင်း ပစ်ခတ်ခံရမှုကြောင့်လည်းကောင်း သေဆုံးခဲ့ရသူ ပြည်သူအရေအတွက် ၂၂၄ ဦးထက်မနည်း ရှိလာခဲ့ပြီဖြစ်သည်။ နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) က မတ် ၁၈ ရက်အထိ ပြုစုခဲ့သော မှတ်တမ်းများအရ အချက်အလက်ရရှိသူ ၁၈၆ ဦး ရှိပါသည်။ ယခု ကိန်းဂဏန်း၌ ပါဝင်ခြင်းမရှိဘဲ ကျန်နေသူ အမြောက်အမြား ရှိနိုင်ပါသည်။

ဖေဖော်ဝါရီ ၁ ရက်မှ မတ် ၁၁ ရက်အတွင်း သေဆုံးခဲ့ရသူ ၇၂ ဦးကျော် (**အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၇ ကိုရှု**) မှ ယခု ၂၂၄ ဦးကျော် ဖြစ်လာသည့်အတွက် တပတ်အတွင်း သေဆုံးသူ ၁၅၂ ဦး၊ နှစ်ဆကျော် တိုးလာခဲ့ခြင်းဖြစ်သည်။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၁၀)


## အင်အားသုံး အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုကြောင့် သေဆုံးခဲ့ရသူများ

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ မှ မတ် ၁၈ ရက်အထိ)

**စံချိန်တင် သေဆုံးရမှု**

**၉၀+**

အာဏာသိမ်းစစ်ကောင်စီ၏ အင်အားသုံး အကြမ်းဖက် ပစ်ခတ်ဖြိုခွင်းမှုများကြောင့် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၈ ရက်မှ ၁၈ ရက်အထိ သေဆုံးခဲ့ရသူ အရပ်သားပြည်သူ ၂၂၄ ဦးကျော်အနက် ၉၀ ဦးကျော်မှာ မတ် ၁၄ ရက်နေ့ တရက်တည်းမှာပင် သေဆုံးခဲ့ရခြင်းဖြစ်သည်။ အများစုမှာ လှိုင်သာယာမြို့နယ်တွင် နေထိုင်ကြသူများဖြစ်သည်။ ထိုပမာဏသည် ၁၉၈၈ ခုနှစ်နောက်ပိုင်း သဘာဝဘေးအန္တရာယ်ကြောင့် မဟုတ်ဘဲ မြို့ပြဒေသတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ ပစ်ခတ်မှုကြောင့် ပြည်သူအများဆုံး သေဆုံးခဲ့ရမှုဖြစ်သည်။





ရည်ညွှန်း - နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) က အတည်ပြုထားသော မှတ်တမ်းမှ ရယူဖော်ပြပါသည်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၁၀)

အင်အားသုံး အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုကြောင့် သေဆုံးခဲ့ရသူများ

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ မှ မတ် ၁၈ ရက်အထိ)

### သေဆုံးခဲ့ရသော အသက်အုပ်စု




၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ မတ် ၁၈ ရက်အတွင်း ဆန္ဒထုတ်ဖော်မှုများ၌ အာဏာသိမ်း စစ်ကောင်စီ၏ ပစ်ခတ်ဖြိုခွဲမှုများကြောင့်လည်းကောင်း၊ ဖမ်းဆီးခံရစဉ် ရရှိသော ဒဏ်ရာများကြောင့်လည်းကောင်း၊ ညကင်းစောင့်ရင်း ပစ်ခတ်ခံရမှုကြောင့်လည်းကောင်း သေဆုံးခဲ့ရသော ပြည် သူ ၂၂၄ ဦးကျော်အနက် အသက်အတိအကျသိရှိရသူ ၁၅၆ ဦးအား ပိုင်းခြားစိစစ်ခဲ့ရာ အများစုသည် အသက် ၁၈ နှစ်မှ ၃၀ နှစ်အကြား လူငယ်များဖြစ်ကြပြီး အသက် ၃၁ နှစ်မှ ၄၀ နှစ်ကြား အသက်အုပ်စုမှာ ဒုတိယအများဆုံး သေဆုံးခဲ့သည်။

ရည်ညွှန်း - နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) က အတည်ပြုထားသော မှတ်တမ်းမှ ရယူဖော်ပြပါသည်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၁၀)

အင်အားသုံး အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုကြောင့် သေဆုံးခဲ့ရသူများ

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ မှ မတ် ၁၈ ရက်အထိ)

### ဦးခေါင်းပစ်ခတ်ခံရသူ အရေအတွက်

၄၂+

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ မတ် ၁၈ ရက်အတွင်း ဆန္ဒထုတ်ဖော်မှုများ၌ အာဏာသိမ်းစစ်ကောင်စီ၏ ပစ်ခတ်ဖြိုခွဲမှုများကြောင့်လည်းကောင်း၊ ဖမ်းဆီးခံရစဉ် ရရှိသောဒဏ်ရာများကြောင့်လည်းကောင်း၊ ညကင်းစောင့်ရင်း ပစ်ခတ်ခံရမှုကြောင့်လည်းကောင်း သေဆုံးခဲ့ရသော ပြည်သူအရေအတွက် ၂၂၄ ဦး ကျော် အနက် ဦးခေါင်းကို ပစ်ခတ်ခံရပြီး သေဆုံးခဲ့ရသူ ၄၂ ဦးထက်မနည်း ရှိခဲ့သည်။ ဖေဖော်ဝါရီ ၁ ရက်မှ မတ် ၁၁ ရက်အတွင်း သေဆုံးခဲ့ရသူ ၇၀ ဦးကျော်အနက် ဦးခေါင်းကို ပစ်ခတ်ခံရပြီး သေဆုံးခဲ့ရသူ ၂၂ ဦးကျော် **(အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၇ ကိုရှု)** ရှိခဲ့ရာမှ ယခု ၄၂ ဦးကျော် ဖြစ်လာခဲ့သည်။ ထို့ကြောင့် သေဆုံးခဲ့ရသူများအနက် ၂၂ ရာခိုင်နှုန်းမှာ ဦးခေါင်းပစ်ခတ်ခံရသဖြင့် သေဆုံးခဲ့ရသူများ ဖြစ်ခဲ့သည်။


ရည်ညွှန်း - နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) က အတည်ပြုထားသော မှတ်တမ်းမှ ရယူဖော်ပြပါသည်။

## အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၁၀)

### အင်အားသုံး အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုကြောင့် သေဆုံးခဲ့ရသူများ

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ မှ မတ် ၁၈ ရက်အထိ)

**■ သေဆုံးခဲ့သော ကျား၊ မ အရေအတွက်**





၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ မတ် ၁၈ ရက်အတွင်း ဆန္ဒထုတ်ဖော်မှုများ၌ အာဏာသိမ်းစစ်ကောင်စီ၏ ပစ်ခတ်ဖြိုခွဲမှုများကြောင့်လည်းကောင်း၊ ဖမ်းဆီးခံရစဉ် ရရှိသောဒဏ်ရာများကြောင့်လည်းကောင်း၊ ညကင်းစောင့်ရင်း ပစ်ခတ်ခံရမှုကြောင့်လည်းကောင်း သေဆုံးခဲ့ရသော ပြည်သူအရေအတွက် ၂၂၄ ဦးကျော် အနက် (အချက်အလက်သိရသော စာရင်းများအရ) ၁၆၈ ဦးမှာ အမျိုးသားများဖြစ်ပြီး ၁၅ ဦးမှာ အမျိုးသမီးများဖြစ်သည်။ ဖေဖော်ဝါရီ ၁ ရက်မှ မတ် ၁၁ ရက်အတွင်း သေဆုံးခဲ့ရသူ ၇၀ ကျော်အနက် အမျိုးသား ၆၆ ဦး **(အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၂ ကိုရှု)** ရှိခဲ့သဖြင့် တပတ်အတွင်း လူ ၁၀၀ ကျော် ထပ်မံသေဆုံးခဲ့ခြင်းဖြစ်သည်။ ထို့အတူ အမျိုးသမီးသေဆုံးမှုမှာလည်း ကိုးဦး တိုးလာခဲ့သည်။

# အလေးထားရမည့်အကြောင်းအချက်များ အမှတ်(၁၀)

## အင်အားသုံး အကြမ်းဖက် ပစ်ခတ်ဖြိုခွဲမှုကြောင့် သေဆုံးခဲ့ရသူများ

(၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ မှ မတ် ၁၈ ရက်အထိ)

### သေဆုံးခဲ့ရသော ဒေသများ




ရည်ညွှန်း - နိုင်ငံရေးအကျဉ်းသားများ ကူညီစောင့်ရှောက်ရေးအသင်း (AAPP) က အတည်ပြုထားသော မှတ်တမ်းမှ ရယူဖော်ပြပါသည်။

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှ မတ် ၁၈ ရက်အတွင်း ဆန္ဒထုတ်ဖော်မှုများ၌ အာဏာသိမ်းစစ်ကောင်စီ၏ ပစ်ခတ်ဖြိုခွဲမှုများကြောင့်လည်းကောင်း၊ ဖမ်းဆီးခံရစဉ် ရရှိသော ဒဏ်ရာများကြောင့်လည်းကောင်း၊ ညကင်းစောင့်ရင်း ပစ်ခတ်ခံရမှုကြောင့်လည်းကောင်း သေဆုံးခဲ့ရသော ပြည်သူ ၂၂၄ ဦးအနက် မည်သည့်ဒေသများ၌ အများဆုံး သေဆုံးခဲ့သည်ကို ဖော်ပြထားခြင်းဖြစ်သည်။ ယခုစာရင်းတွင် မပါဝင်ဘဲ ကျန်ရှိမှုများ ရှိနိုင်ပါသည်။ လက်ရှိအချိန်အထိ အတည်ပြုနိုင်သော စာရင်းများအရ ရန်ကုန်နှင့် မန္တလေးတွင် သေဆုံးသူ အများဆုံးဖြစ်နေပြီး စစ်ကိုင်းနှင့်မကွေးတို့က တတိယအများဆုံး ဖြစ်နေသည်။ ဖေဖော်ဝါရီ ၁ ရက်မှ မတ် ၁၁ ရက်အတွင်း သေဆုံးခဲ့ရသူများသည် ရန်ကုန်နှင့် မန္တလေးတွင် အများဆုံးဖြစ်ခဲ့ပြီး **(အလေးထားရမည့် အကြောင်းအချက်များ အမှတ်-၇ ကိုရှု)** တပတ်အတွင်း ရန်ကုန်၊ မန္တလေးနှင့် စစ်ကိုင်းတွင် သေဆုံးသူ ပိုများလာပြီး ရန်ကုန်တိုင်းအတွင်း သေဆုံးရသူအရေအတွက်မှာ တပတ်အတွင်း ၁၀၀ ကျော် တိုးလာခြင်းဖြစ်သည်။